미얀마어

# နိုင်ငံခြားအလုပ်သမား၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်း စနစ် ကြေငြာချက်

## ခွဲခြားဆက်ဆံမှု နှင့် လူ့အခွင့်အရေးချိုးဖောက်မှု စသည် တို့ကို တားမြစ်ထားပါသည်။

### ①(အလုပ်ခွင်အခြေအနေ) ကိုရီးယားနိုင်ငံသားနှင့် ယှဉ်လျှင် လုပ်အားခ ရရှိမှု ကွာခြားခြင်း နှင့် အခကြေးငွေ

- ◯ တူညီစွာ အလုပ်ကို လုပ်သော်ငြားလည်း " ကုမ္ပဏီက အဆင်မပြေလို့ "၊ "မင်းက နိုင်ငံခြားသားဆိုတော့" ဆိုပြီး ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်မရှိ ပဲ လုပ်အားခပေးမှု နှောင့်နှေးခြင်း၊ ထောက်ပံ့ကြေးနှင့် ဆုကြေးငွေ မပေးဆောင်ခြင်း၊ အခြေခံလစာဥပဒေ ချိုးဖောက်ခြင်း ၊ လုပ်သက်ပြည့် ပင်စင်(ထွယ်ဂျိဂွန်) မပေးဆောင်ခြင်း စသည်
- ◯ " အလုပ်များတယ်"၊ "ပိုက်ဆံရှာဖို့လာတာ မဟုတ်ဘူးလား" ဆိုပြီး ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်မရှိပဲ နားနေချိန်၊ အလုပ်ချိန် ချိုးဖောက်ခြင်း၊ နှစ်ပြည့် လစာရ နားရက် မပေးခြင်း စသည်

### ②(နှုတ်ဖြင့်/ ကိုယ်ထိလက်ရောက် စော်ကားခြင်း) အလုပ်သင်ကြားခြင်း၊ ညွှန်ကြားခြင်း စသဖြင့် အသွင်ဆောင်ကာ နှုတ်ဖြင့်/ ကိုယ်ထိလက်ရောက် စော်ကားနှိပ်စက်ခြင်း

- ◯ အလုပ်ညွှန်ကြားချက်ကို မလိုက်နာဘူးဆိုကာ ဆဲဆိုခြင်းများ သို့မဟုတ် ကိုယ်ထိလက်ရောက် အလုပ်ခွင်ထဲတွင် နှိပ်စက်ခြင်း
- ◯ အလုပ်သင်ပေးနေတယ်ဆိုပြီး မလိုလားလောက်အောင် မိမိခန္ဓာကိုယ်ကို ထိတွေ့ခြင်း စသည် လင်ပိုင်းဆိုင်ရာ စော်ကားအကြမ်းဖက်မှုများ

### ③(စက်မှုမတော်တဆမှု) စက်မှုမတော်တဆမှု ဖြစ်ပွားမှုကို ဖုံးကွယ်ခြင်းနှင့် လျော်ကြေးရရန် လျှောက်ထားခြင်း မလုပ်ပေးခြင်း

- ◯ လုပ်ငန်းခွင်အတွင်း ဖြစ်ပွားသည့် **မတော်တဆမှုများကို** အစီရင်ခံရန် ပျက်ကွက်ခြင်း စသည့် မတော်တဆမှုများကို ဖုံးကွယ်ခြင်း
- ◯ နိုင်ငံခြားသားဆိုပြီး စက်မှုမတော်တဆမှု အာမခံ စသည့် **လျော်ကြေးတောင်းခံမှုများကို ပိတ်ပင်ခြင်းများ**

### ④(လူ့အခွင့်အရေး ချိုးဖောက်ခြင်း) လုပ်ငန်းခွင် ပြင်ပတွင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုများ

- ◯ လွယ်ကူစွာ သုံးစွဲနိုင်ခြင်းနှင့် ကုန်ကျစရိတ်လျှော့ချခြင်း ကဲ့သို့သော ရည်ရွယ်ချက်များဖြင့် တရားမဝင် ယာယီအဆောက်အဦများတွင် တည်းခိုနေထိုင်စေခြင်း
- ◯ နိုင်ငံကူးလက်မှတ်များ သိမ်းဆည်းခြင်း နှင့် လှုပ်ရှားသွားခြင်းများကို ကန့်သတ်ခြင်း ကဲ့သို့သော အခြေခံလူ့အခွင့်အရေးများကို ချိုးဖောက်ခြင်း

## ခွဲခြားဆက်ဆံမှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုတွေ တွေ့ကြုံရပါက တိုင်ကြား နိုင်ပါတယ်။

| | |
|---|---|
| တိုင်ကြားရန်နေရာ | အလုပ်သမား တိုင်ကြားရုံး ၊ ဘာသာစကားအမျိုးမျိုးထောက်ပံ့ပေးသော အလုပ်သမားရုံးများ၊ နိုင်ငံခြားအလုပ်သမား အကြံပေးစင်တာများ စသည်<br>※ နိုင်ငံခြားအလုပ်သမား အကြံပေးစင်တာ(ဖုန်း၊ ၁၅၇၇-၀၀၇၁) တွင် ဘာသာစကား ၁၇ မျိုး ထောက်ပံ့ပေးသည့်နေသည့်အတွက် ထိုမှတဆင့် တိုင်ကြားနိုင်ပါသည်။ <အနောက်စာမျက်နှာတွင် ဘာသာစကားအလိုက် ဖုန်းနံပါတ်နှင့်တကွ တည်နေရာကို ဖေါ်ပြထားပါသည်> |
| အဓိက အစီရင်ခံနေသည့် ကာလ | ၂၀၂၅နှစ် ဇလပိုင်း ၁၁ရက် မှ ၂၉ ရက်ထိ |
| တိုင်ကြားအကြံပေးနေ့ | ၂၀၂၅ခုနှစ် ဇလပိုင်း ၂၀ရက်နေ့မှစ၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တွင် နိုင်ငံခြားအလုပ်အကိုင်ရှာဖွေရေးစင်တာမှ (ကိုယ်တိုင်လာရောက် တိုင်ကြားခြင်းစင်တာ) ပြုလုပ်ပေးမှာ ဖြစ်ပါတယ်။ |

"တိုင်းကြားသည့်အကြောင်းကြောင့် မည့်သည့်ဆိုးကျိုးမှ မရရှိစေရန် ကာကွယ်ပေးပါသည်"

## ခွဲခြားမှုဆက်ဆံမှုစသည် လူ့အခွင့်အရေးချိုးဖောက်မှုများ ခံစားရပါက လုပ်ငန်းနေရာပြောင်းလဲခွင့် ရရှိနိုင်ပါတယ်။

- ◯ နိုင်ငံခြားအလုပ်သမားများသည် အလုပ်သဘောတူစာချုပ် ချုပ်ဆိုထားလျှင် ဥပဒေအရ ထိုလုပ်ငန်းခွင်တွင် ဆက်လက် အလုပ်လုပ်ရမှာ ဖြစ်သော်လည်း ဥပဒေအရ သတ်မှတ်ထားသည့် အခြေအနေရောက်ရှိပါက လုပ်ငန်းနေရာ ပြောင်းလဲခွင့်ရနိုင်ပါတယ်။ (ပထမ ၃ နှစ်အတွင်း ၃ကြိမ် + သက်တမ်းတိုး ၁နှစ်နှင့် ၁၀ လအတွင်း ၂ ကြိမ်)
- ◯ အထူးသဖြင့် ကုမ္ပဏီ ဒေဝါလီခံခြင်း၊ အလုပ်ရှင်မှ လုပ်ငန်းခွင်ဥပဒေ ကျူးလွန်ခြင်း( လုပ်အားခ မပေးခြင်း၊ နှောင့်နှေးခြင်း စသည်) သို့မဟုတ် ခွဲခြားဆက်ဆံခြင်း ( လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ဆဲဆိုစော်ကားခြင်း၊၊ ကိုယ်ထိလက်ရောက်ပြုမူခြင်း စသည်)၊ အဆောင်နှင့်ပတ်သက်သည့် ဥပဒေ ချိုးဖေါက်ခြင်း စသည့် အလုပ်သမားကြောင့် မဟုတ်သော ဤအကြောင်းအရင်းများဖြစ်ပေါ်ပါက အမှန်တကယ်ဖြစ်ပျက်ခြင်းအား အတည်ပြုပြီးလျှင် လုပ်ငန်းရှင်၏ သဘောတူညီခြင်း မရှိလျှင်လည်း အကန့်အသက်မရှိ လုပ်ငန်းနေရာပြောင်းလဲခွင့် ရှိပါသည်။

အလုပ်အကိုင် ရရှိရေးနှင့် အလုပ်သမားရေးရာ ဝန်ကြီးဌာန

# နိုင်ငံခြားအလုပ်သမားဆိုင်ရာ အကြံပေးခြင်း နှင့် တိုင်ကြားခြင်း ဌာနများ ဆက်သွယ်ရန်လိပ်စာ

- နိုင်ငံခြားအလုပ်သမား အကြံပေးခြင်းစင်တာ( ဖုန်း၊ ၁၅၇၇-၀၀၇၁)
- နိုင်ငံတဝှမ်း အလုပ်သမားရေးရာ ဘာသာအမျိုးမျိုး အကြံပေးစင်တာ ဖုန်းနံပါတ် ( ၂၅ ခုနှစ် ဇလပိုင်းမှ စာရင်း)

| ဌာန | ဘာသာစကား | ဖုန်းနံပါတ် |
|---|---|---|
| ဂျွန်းဘူ ရုံး | ဥဇဘက်၊ ရုရှား | 032-460-7135 |
| | ထိုင်း | 032-460-7136 |
| | ဗီယက်နမ် | 032-460-7137 |
| အင်ချွန်းမြောက်ပိုင်း ရုံးခွဲ | ကမ္ဘောဒီးယား | 032-540-2097 |
| ဘူချောန် ရုံးခွဲ | ဘင်္ဂလားဒေ့ရှ်၊ အင်္ဂလိပ် | 031-999-0907 |
| | အင်ဒိုနီးရှား | 031-999-0908 |
| အူအီဂျောင်းဘူ ရုံးခွဲ | မွန်ဂို | 031-828-0824 |
| | နီပေါ၊ ပါကစ္စတန်(အူရဒူ) | 031-828-0823 |
| | ဗီယက်နမ် | 031-828-0902 |
| | ကမ္ဘောဒီးယား | 031-828-0901 |
| | မြန်မာ | 031-828-0903 |
| ဂယောင်ဂီ ရုံးခွဲ | ဥဇဘက် | 031-290-0879 |
| | မြန်မာ | 031-289-2208 |
| | ကမ္ဘောဒီးယား | 031-290-0880 |
| | နီပေါ | 031-290-0876 |
| | ထိုင်း | 031-290-0888 |
| အာန်ရာင်း ရုံးခွဲ | ဗီယက်နမ် | 031-463-0774 |
| အာန်ဆာန် ရုံးခွဲ | မြန်မာ | 031-496-1923 |
| ဖြောင်းထက် ရုံးခွဲ | အင်ဒိုနီးရှား | 031-646-1217 |
| | တရုတ် | 031-646-1213 |
| ဝါန်ဂျူ ရုံးခွဲ | အင်္ဂလိပ်၊ အိန္ဒိယ | 033-769-0952 |
| ဘူဆန် ရုံး | အင်္ဂလိပ်၊ အင်ဒိုနီးရှား | 051-860-2026 |
| ဘူဆန်အရှေ့ပိုင်း ရုံးခွဲ | အင်ဒိုနီးရှား | 051-559-6606 |
| ဘူဆန် မြောက်ပိုင်း ရုံးခွဲ | ဥဇဘက် | 051-330-9925 |
| ချန်းဝေါန် ရုံးခွဲ | တရုတ် | 055-239-3553 |
| | ဖိလစ်ပိုင်၊အင်္ဂလိပ် | 055-239-3552 |
| | ဥဇလက်၊ ရုရှား | 055-239-3551 |
| | နီပေါ၊ ဟင်ဒီ | 055-239-3554 |
| အူလ်ဆန်ရုံးခွဲ | ဥဇဘက်၊ ကာဇက်စတန် | 052-228-1913 |

| ဌာန | ဘာသာစကား | ဖုန်းနံပါတ် |
|---|---|---|
| ရန်ဆာန်ရုံးခွဲ | မြန်မာ | 055-330-6448 |
| | အင်္ဂလိပ်၊ ရုရှား | 055-330-6450 |
| | ကမ္ဘောဒီးယား | 055-330-6451 |
| | တရုတ် | 055-330-6432 |
| | နီပေါ၊ ဟင်ဒီ | 055-330-6446 |
| ပြီန်ဂျူ ရုံးခွဲ | ဗီယက်နမ် | 055-760-6758 |
| | ဗီယက်နမ် | 055-760-6759 |
| ထုံးရောင်း ရုံးခွဲ | ဗီယက်နမ် | 055-730-1922 |
| ဒယ်ဂူ ရုံး | တရုတ် | 053-667-6047 |
| | နီပေါ၊ ပါကစ်စတန် | 053-667-6048 |
| ဒယ်ဂူ မြောက်ပိုင်း ရုံးခွဲ | ကမ္ဘောဒီးယား | 053-605-6574 |
| | အင်ဒိုနီးရှား | 053-605-6576 |
| | ဖိလစ်ပိုင်၊ အင်္ဂလိပ် | 053-605-6575 |
| ဖိုဟာင်း ရုံးခွဲ | ဗီယက်နမ် | 054-288-3500 |
| ဂွမ်ဂျူးရုံး | နီပေါ | 062-609-8686 |
| | ကမ္ဘောဒီးယား | 062-609-8687 |
| | ဗီယက်နမ် | 062-609-8688 |
| | အင်ဒိုနီးရှား၊ အရှေ့တီမော | 062-609-8689 |
| အီက်ဆန် ရုံးခွဲ | နီပေါ၊ ဟင်ဒီ | 063-839-0040 |
| ဂွန်ဆန် ရုံးခွဲ | ဗီယက်နမ် | 063-450-0607 |
| ဒယ်ဂျောန် ရုံး | ဗီယက်နမ် | 042-470-8326 |
| | ကမ္ဘောဒီးယား | 042-470-8328 |
| ချောင်းဂျူ ရုံးခွဲ | ဖိလစ်ပိုင်၊ အင်္ဂလိပ် | 043-229-0755 |
| ချောန်အာန် ရုံးခွဲ | နီပေါ | 041-620-9582 |
| | နီပေါ | 041-620-7465 |
| | ကမ္ဘောဒီးယား | 041-620-9553 |
| | ကာဇက်စတန်၊ ရုရှား | 041-620-9583 |
| ချုံးဂျူ ရုံးခွဲ | နီပေါ | 043-850-4052 |
| | ဗီယက်နမ် | 043-850-4051 |
| ဘိုရောင်းရုံးခွဲ | ဗီယက်နမ် | 041-930-6267 |